ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၁၇-၈-၂၀၁၆ ရက်နေ့တွင် အစည်းအဝေး

သို့ တက်ရောက် နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမခံကတိကော်မတီ အစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ် (ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေနွယ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင် တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေးကိစ္စ။ ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)၊ ကျန်းမာရေးနှင့် ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၈)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၉)ဦး ဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦး ဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Mobile Team အဖွဲ့) ဖျက်သိမ်းပြီး နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ တရားမဝင် သွင်းကုန်များကို ပိုမို တင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမို ပို့ဆောင်နေကြခြင်းများအား တားဆီးထိန်းချုပ် အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team အဖွဲ့) ဖျက်သိမ်းပြီး နောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ တရားမဝင်သွင်းကုန်များကို ပိုမို

တင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန် ထွက်ကုန်များကို ပိုမို ပို့ဆောင်နေကြခြင်းများအား တားဆီးထိန်းချုပ် အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမှတ် (၂) မဲဆန္ဒနယ်မြေက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Mobile Team) အဖွဲ့ကို ဖျက်သိမ်းပြီးတဲ့နောက်ပိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင် ပို့ကုန်၊ သွင်းကုန်များကို မည်သို့ထိန်းချုပ်တားဆီး အရေးယူဆောင်ရွက် မလဲဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ (Mobile Team) အဖွဲ့ကို ၂၀၁၅ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ဖျက်သိမ်းခဲ့ ပါတယ်။ ယခုအခါ အစိုးရအပြောင်းအလဲကာလနဲ့ Mobile Team ဖျက်သိမ်းမှုအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကနေပြီး ပြည်တွင်းမှ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ အပါအဝင် အဖိုးတန်ထွက်ကုန်များကို ပြည်ပသို့ တရားမဝင် ပိုမို ပို့ဆောင်နေကြသလို၊ ပြည်ပမှ မှတ်ပုံတင်မဲ့ ဆေးဝါးများနဲ့ အန္တရာယ်ရှိသော အစားအသောက်များ အပါအဝင် တရားမဝင် သွင်းကုန်များကို ပြည်တွင်းကို ပိုမိုတင်သွင်းလာကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုအချိန်ဟာ နိုင်ငံတော်မှ အခွန်ပိုမိုတိုး တက်ရရှိစေရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်မှုပမာဏ ဒေါ်လာ(၃၀)ဘီလီယံကျော် ရရှိစေရန် လျာထားဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ တရားမဝင်ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ များပြားစွာ လုပ်ဆောင်နေကြခြင်းကို ထိရောက်စွာ ထိန်းချုပ်အရေးယူ နိုင်ခြင်းမပြုနိုင်ဘူးဆိုရင် နိုင်ငံတော်ရဲ့ အခွန်ငွေတွေ နစ်နာနိုင်ခြင်း၊ ကုန်သွယ်မှုပမာဏ ကျဆင်းခြင်း၊ တိုင်းပြည်ရဲ့ အဖိုးတန် သယံဇာတများ ဆုံးရှုံးခြင်းနဲ့အတူ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစား ခြင်းများကိုလည်း ကြီးထွား စေနိုင်ပါတယ်။ အန္တရာယ်ရှိသော စားသောက်ကုန်များ၊ စံချိန်မမီ လူသုံးကုန်ပစ္စည်းများနဲ့ မှတ်ပုံတင်မဲ့ ဆေးဝါးများကြောင့် ပြည်သူများကိုလည်း များစွာထိခိုက် နစ်နာစေပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team အဖွဲ့) ဖျက်သိမ်းပြီးသည့် နောက်ပိုင်း နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ ပြည်ပမှ တရားမဝင် သွင်းကုန်များကို ပိုမို တင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမို ပို့ဆောင်နေကြခြင်းများအား တားဆီးထိန်းချုပ်အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနဲ့ မည်သည့်အချိန်ဇယားဖြင့် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ် ခင်ဗျား။ (သြဘာသံများ)

တရုတ်ပြည် ကွမ်ကျိုးမြို့တွင် မြန်မာပြည်မှ တရားမဝင် ရောက်ရှိလာသော ကျောက်စိမ်းများဖြင့် ကျောက်စိမ်းဈေးပွဲတော် ကျင်းပုံနေသော မြင်ကွင်းပုံ (၈)



နယ်စပ်သို့ တရားမဝင် သယ်ယူရန် ကုန်ပစ္စည်းများအတွင်း ကျွန်းသစ်တုန်းများ ဝှက်ယူလာသော မြင်ကွင်းပုံ (၈-၁)



နယ်စပ်မှ တရားမဝင် တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေသည့် ကလေးမုန့် စားသောက်ကုန်များ မြင်ကွင်းပုံ (၈-၂)




**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်းမေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများမှ

တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများနဲ့ပတ်သက်၍ ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်မှု မရှိစေရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ နစ်နာဆုံးရှုံးမှု မဖြစ်စေရေးတို့အတွက် နိုင်ငံတော်သမ္မတရုံးမှ ၁၂-၁၂-၂၀၁၂ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၇/၂၀၁၂ဖြင့် ဖွဲ့စည်း တာဝန်ပေးချက်အရ ကမ်းရိုးတန်း ဆိပ်ကမ်း ဝင်/ထွက်ပေါက်များနှင့် နယ်စပ်လမ်းကြောင်း အသီးသီး တို့တွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာနှစ်မှ Mobile Team လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒီဇင်ဘာလအထိ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရရှိမှု အကောက်ခွန် အမှုတွဲပေါင်း (၈၅၂၉) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း (၅၂၉၃၆) သန်းသိမ်းဆည်း အရေးယူနိုင်ခဲ့ပြီး၊ စားသုံးရန် မသင့်သည့် ကုန်ပစ္စည်းများ (၉၃၇)မှု၊ ခန့်မှန်းခြေတန်ဖိုး ကျပ်သန်းပေါင်း (၂၅၃၀)တန်ဖိုးအားလည်း ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုကဲ့သို့ တရားမဝင်ကုန်သွယ်မှု များအား တားဆီးဆောင်ရွက်သကဲ့သို့ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏမှာ ၂၀၁၁-၂၀၁၂ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်းမှာ ဒေါ်လာ (၁၈.၁၇)ဘီလီယံရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၂၉. ၁၅)ဘီလီယံအထိ ကုန်သွယ်မှု နှစ်ဆ တိုးမြင့်လာခဲ့ ပါတယ်။ ယင်းကဲ့သို့ ဆောင်ရွက်ရာမှ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၁၂-၂၀၁၅ခုနှစ်၊ နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၉/၂၀၁၅ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေး ဗဟိုကော်မတီအား ဖျက်သိမ်းခဲ့၍ Mobile Team လုပ်ငန်းများအား ရပ်ဆိုင်းခဲ့ပါ တယ်။ တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်နေခြင်းမှာ ကုန်သွယ်ရေးစခန်းများကို ရှောင်ကွင်း၍ တရားဝင်တင်သွင်းခွင့်မပြုသော ဥပမာ-ကန့်သတ်တားမြစ်ကုန်ပစ္စည်းများအား တရားမဝင် တင်သွင်း နေခြင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်ကျသင့်ငွေများ မပေးဆောင်လိုဘဲ အခွန်တိမ်းရှောင်ခြင်း၊ တရားမဝင်တင်သွင်းခြင်းဖြင့် တရားဝင် တင်သွင်းသော ကုန်စည်များနှင့် ဈေးကွက်တွင် မမှန် မကန် ယှဉ်ပြိုင်လိုခြင်း၊ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းကန့်သတ်ချက်များ ရှောင်လွှဲ လိုခြင်း၊ မသမာကုန်သည်များနှင့် အကျင့်ပျက်ဝန်ထမ်းများကြောင့် မှောင်ခိုဖြစ်ပေါ်စေရခြင်း၊ အချို့ဒေသများတွင် နယ်မြေအေးချမ်းမှုမရှိခြင်းနှင့် နယ်ခြားဒေသများတွင် တရားမဝင် ရှောင်ကွင်း လမ်းများ အများအပြား ရှိနေခြင်းတို့ကြောင့် ဖြစ်ပေါ်ကြောင်း သုံးသပ်တွေ့ရှိ ရပါတယ်။

လက်ရှိအချိန်တွင် နယ်စပ်ဒေသများတွင် တရားမဝင် ကုန်ပစ္စည်းဝင်ရောက်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ ဒေသတွင်း သီးခြားဖွဲ့စည်း၍ တားဆီး ဆောင်ရွက်မှုများရှိပြီး (ဥပမာ-တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ပသို့ ထွက်ခွာမည့်လှေ များ၌ မူးယစ်ဆေးဝါးသယ်ဆောင်မှု တားဆီးဆောင်ရွက်ရေး အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်)။ ထို့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင် (ဝမ်တာပင်း-မိုင်းယန်း)နှင့် တာချီလိတ်ခရိုင် မိုင်းယုတို့တွင် ကုန်စည်စီးဆင်းမှု မြှင့်တင်ရေးနှင့် တရားဝင် တင်ပို့နိုင်ရေး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှလည်း ကုန်သွယ်မှုလမ်းကြောင်း များတစ်လျှောက် တရားမဝင် ကုန်စည်သယ်ဆောင်မှုများတားဆီးရေးကို ရေရှည်နှင့်ကာလတို လုပ်ငန်း

များ နှစ်ရပ်ချမှတ်၍ ဆောင်ရွက်သွားနေပါတယ်။ ဥပမာ- ရေရှည်လုပ်ငန်းအနေဖြင့် (၁) နိုင်ငံတကာ အဆင့်မီ အကောက်ခွန် ကုန်သေတ္တာထိန်းချုပ်ရေးစနစ် ကျင့်သုံး၍ တင်သွင်း/တင်ပို့ ကုန်စည်များအား အလုံပိတ်ကုန်သေတ္တာတင်ယာဥ် Box Truck များဖြင့် အသုံးပြုသယ်ဆောင်ခြင်း စနစ်ကျင့်သုံးရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် တရားမဝင် တင်သွင်း/တင်ပို့မှု များကိုတစ်နည်း တစ်လမ်း အားဖြင့် ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ (၂) Single Stop Inspection တစ်နေရာတည်း၌ တစ်ပြိုင်နက်တည်း နှစ်နိုင်ငံ အကောက်ခွန်များ ပူးပေါင်းစစ်ဆေးသည့်စနစ်ကို (Cross Border Transport Agreement-CBTA) နှင့် (Asean Customs Transit-ACT) လုပ်ငန်းများတွင် ပါဝင်ပြီး၊ မြန်မာ-တရုတ်၊ မြန်မာ-ထိုင်းတို့တွင် အကောင်အထည်ဖော်နိုင်ရေး နှစ်နိုင်ငံအကောက်ခွန် အဖွဲ့ အစည်းများ ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစတင်ဆောင်ရွက်ပါက တရားမဝင် တင်သွင်း/တင်ပို့ မှုများကို တစ်နည်းတစ်လမ်းအားဖြင့် ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

နယ်စပ်အကောက်ခွန်စစ်ဆေးရေး စခန်းများကိုလည်း စနစ်တကျ တည်ဆောက်၍ ဘတ်ဂျက် တင်ပြတောင်းခံပြီး ဝန်ထမ်းအိမ်ရာ၊ ယာဥ်စစ်စင်၊ X-Ray စက်များထားရှိ၍ စစ်ဆေး ဆောင်ရွက်နိုင်ရန် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ (ခ) ကာလတိုလုပ်ငန်းစဥ် အနေဖြင့် ရေရှည်လုပ်ငန်းစဥ်များ ညှိနှိုင်းဆောင်ရွက်စဥ်ကာလအတွင်း ကုန်သွယ်မှုလမ်းကြောင်း များတစ်လျှောက်တွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာဒေသဆိုင်ရာအစိုးရများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီးအစီအစဥ်ဖြင့် စီမံကွပ်ကဲမှုလမ်းကြောင်းနှင့် ဒေသသတ်မှတ်၍ အမြဲတမ်း စစ်ဆေးရေး စခန်းများ ထားရှိစစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေး ဖမ်းဆီးခြင်းများကို အကောင်အထည် ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ နယ်စပ်ဝင်ပေါက် အကောက်ခွန်စခန်းများအား ရှောင်ကွင်း၍ တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့ သယ်ဆောင်မှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ် ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နိုင်ငံတော်သမ္မတရုံးသို့ လမ်းညွှန်မှုခံယူခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်သမ္မတရုံးမှ လမ်းညွှန်ထား ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ်အတွင်း တရားမဝင်ဝင်ရောက်လာသည့်ကုန်စည်များအား မြစ်ကြီးနားမြို့နယ်၊ ဗလမင်းထင်တံတား စစ်ဆေးရေး စခန်း၌ စစ်ဆေးမှုများစတင်ဆောင်ရွက်လျက် ရှိပါတယ်။ ကချင်ပြည်နယ်အတွင်း စစ်ဆေးရေး စခန်းများကို (က) ပန်ဝါ-ချီဖွေ-မြစ်ကြီးနားလမ်းကြောင်း၊ ကန်ပိုက်တီး-ဝိုင်းမော်-မြစ်ကြီးနားလမ်းကြောင်း၊ လိုင်ဇာ-မိုးမောက်-မြစ်ကြီးနားလမ်းကြောင်း၊ လွယ်ဂျယ်/လိုင်ဇာ-ဗန်းမော်လမ်းကြောင်း၊ လိုင်ဇာ-ဆင်ဘို-ဟိုပင်/မိုးညှင်း-ဖားကန့်လမ်းကြောင်း၊ မြစ်ကြီးနား-ရွှေဘို-မန္တလေးလမ်းကြောင်းများမှာ ဖွင့်လှစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းများအတွင်းရှိ မူဆယ်-မန္တလေး လမ်းကြောင်း၊ မိုင်းလား-တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-ရန်ကုန်လမ်းကြောင်း၊ မြဝတီ-ဘားအံ လမ်းကြောင်း၊ ဘားအံ-ရန်ကုန်လမ်းကြောင်းများမှတရားမဝင် ကုန်စည်စီးဆင်းမှုများကို တားဆီးရေး လုပ်ငန်းစီမံချက်အား ဆက်လက်ဆောင်ရွက်သွားရန် စီစဥ်လျက်ရှိပါတယ်။ ထပ်မံပြီး စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ တမူး-မုံရွာ-မန္တလေးလမ်းကြောင်းနှင့် ကော့သောင်း-မြိတ်-ထားဝယ်-ရန်ကုန်လမ်းကြောင်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် စီစဥ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပင်မလုပ်ငန်းတာဝန်များ ဖြစ်သော ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ ဆောင်ရွက် စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းများအား ဆောင်ရွက်လျက် ရှိပါသည်။ ကုန်သွယ်ရေးစခန်းနယ်မြေများတွင် တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ သတင်းစုံစမ်း ရယူခြင်း၊ သက်ဆိုင်ရာဌာန၊ ဒေသ၊ ဒေသန္တရအုပ်ချုပ်သူ အဖွဲ့အစည်းများထံ သတင်းပေးပို့ခြင်းများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် တရားမဝင် ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီစဥ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တရားမဝင် ကုန်သွယ်မှုများအား ထိရောက်စွာတားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်ကြီးများ အပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျားနင်းကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် သရက်တပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်ထပ်(RC) ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျားနင်းကန်ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)နှင့် သရက်တပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်ထပ်(RC) ကျောင်းဆောင်သစ် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး သာလီစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ သရီချောင်းနယ်မြေအတွင်းမှာရှိတဲ့ ကျားနင်းကန်ကျေးရွာမှာ အထက်တန်းကျောင်း(ခွဲ)အဆင့်ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ အဆိုပါကျောင်းတွင် ကျောင်းသားဦးရေမှာ (၇၅၁)ဦးအထိ ပညာသင်ကြားနေကြပြီး၊ ကျောင်းဆောင်မှာ လွန်ခဲ့တဲ့ နှစ်(၂၀)လောက်ကပင် ဆောက်လုပ်ခဲ့တဲ့ (၉၀ ပေ× ၂၄ပေ× ၁၈ ပေ) နှစ်ထပ်သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ။ အောက်ထပ်တွင် ဝါးကြမ်းခင်းနှင့် ယခုအချိန်တွင် သွပ်ပြားများ ကာရံပြီး အမိုးအကာများ၊ ဝရန်တာများ ပျက်စီးနေပြီး အန္တရာယ်ရှိကျောင်းဆောင် ဖြစ်နေခဲ့ပါပြီ။

အဆိုပါကျောင်းတွင် ကျောင်းသားဦးရေ (၇၅၁)ဦးမှာ အန္တရာယ်ကြီးစွာ ပညာသင်ကြားနေကြရပါတယ်။ အဆိုပါ အထက်တန်းကျောင်း(ခွဲ)တွင် အနီးအနားကျေးရွာမှ ကျောင်းသား/ကျောင်းသူများလည်း လာရောက်ပညာသင်ကြားနေတဲ့ ကျောင်းတော်ကြီးလည်း ဖြစ်ပါတယ်။ ကျောက်တော် မြို့နယ်၊ သရက်တပင်ကျေးရွာ အထက်တန်းကျောင်းတွင်လည်း ကျောင်းသားဦးရေ စုစုပေါင်း(၁၈၅၀)ဦး ရှိပြီး အထက်တန်းအဆင့်(၇၁၄)ဦး၊ အလယ်တန်းအဆင့်(၁၀၂၇)ဦး၊ မူလတန်းအဆင့် (၁၀၉)တို့မှာ ကျောင်းဆောင် မလုံလောက်တဲ့အတွက် နှစ်သုတ်တက်ဖြင့် တက်ရောက်ပညာသင်ကြားနေရသောကျောင်း ဖြစ်ပါတယ်။ လက်ရှိအဆောက်အအုံမှာ (၁၈၀× ၃၀×၁၂)ပေ (၂)ဆောင်နဲ့ (၁၅၀×၃၀×၁၂) ပေ (၁)ဆောင်၊ (၆၀×၃၀×၁၂)ပေ (၁)ဆောင် ရှိနေပါတယ်။ စာသင်ခန်းပေါင်း (၂၀) ခန့်သာရှိတဲ့ အတွက် လိုအပ်တဲ့ စာသင်ခန်းမှာ (၃၅)ခန်း လိုအပ်ပါတယ်။ အဆိုပါကျောင်းတွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်၍ စာမေးပွဲဖြေဆိုတဲ့ ကျောင်းသားဦးရေမှာ (၇၀၀)ခန့်ရှိ နေပါတယ်။ စာသင်ခန်းလုံလောက်မှု မရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်တွင် အန္တရာယ်ရှိ ကျောင်းဆောင်များ၊ ဥပဓိမကောင်းတဲ့ကျောင်းဆောင်များ၊ ကျောင်းသားနှင့် ကျောင်းဆောင်လုံလောက်မှု မရှိတဲ့ ကျောင်းများ များစွာရှိနေပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ကျွန်တော်တို့ မြို့နယ် အနေနဲ့ ဆောက်လုပ်မည့်ကျောင်းဆောင်သစ်(၁)ဆောင်ပဲပါတာ သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ နှစ်စဉ်မိုးများပြီး ရေကြီး ရေလျှံမှုများ မကြာခဏဆိုသလို ကြုံတွေ့နေရသဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အဆိုပါ စာသင်ကျောင်းများတွင် ခိုလှုံနိုင်ကြမည် ဖြစ်ပါတယ်။ သို့ပါသောကြောင့် စာသင်ကျောင်းများကို အနည်းဆုံး(၂)ထပ် RC ကျောင်းများ ဆောက်လုပ်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။

သို့ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မေးခွန်းနံပါတ်(၁)က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျားနင်းကန်ကျေးရွာအခြေခံပညာအထက်တန်း

ကျောင်း(ခွဲ)အား (၂)ထပ် RC ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း နံပါတ်(၂)က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာ အထက်တန်းကျောင်းတွင် (၂)ထပ် RC ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အတွင်း အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)များ မရရှိသေးသော ကျေးရွာများတွင် ကျောင်းများ အမြန်ဆုံး ဖွင့်လှစ်ပေးရန်နှင့် ဆရာ၊ ဆရာမများ လစ်လပ်နေသော ကျောင်းများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အတွင်း အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)များ မရရှိသေးသော ကျေးရွာများတွင် ကျောင်းများ အမြန်ဆုံး ဖွင့်လှစ်ပေးရန်နှင့် ဆရာ၊ ဆရာမများ လစ်လပ်နေသော ကျောင်းများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်း ပလက်ဝမြို့နယ်ဟာ နယ်မြေအကျယ်ဆုံးနှင့် ကျေးရွာအများဆုံးမြို့နယ် ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်အတွင်း ကျေးရွာအုပ်စု (၉၆)ခု၊ ရပ်ကွက် (၆)ခုနှင့် ကျေးရွာပေါင်း(၃၈၆)ရွာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရမှ အခမဲ့ မူလတန်းပညာကို ပြဋ္ဌာန်းပြီးဖြစ်သော်လည်း မူလတန်းကျောင်းများ ရွာတိုင်းမရှိခြင်း၊ တောင်ပေါ်ဒေသဖြစ်၍ တစ်ရွာနဲ့တစ်ရွာဝေးလံခြင်း၊ မိသားစု စားဝတ်နေရေး အဆင်မပြေဖြစ်ခြင်းစသည့် အခက်အခဲကြောင့် ပညာသင်မည့်အရွယ်တွင် ပညာ မသင်နိုင်သော ကလေးများစွာရှိနေပါတယ်။ လက်ရှိမြို့နယ်ပညာရေးမှူးရုံး၏စာရင်းအရ အခြေခံပညာ အထက်တန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အထိ စုစုပေါင်း(၃၄၇)ကျောင်းသာ အစိုးရ ကျောင်းများဖွင့်လှစ်နိုင်ခဲ့ပြီး မူလတန်းကျောင်းနှင့် မူလတန်းကျောင်း(ခွဲ) များ မရရှိသေးသောကျေးရွာ များစွာ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅-၂၀၁၆ခုနှစ်၊ ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်းကျောင်းပေါင်း(၃၀)ကျော် ဆရာ/ဆရာမများမရှိဘဲ ပညာသင်နှစ်ကုန်ဆုံးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် သိရှိခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ လချုပ်စာရင်းအရ အခြေခံပညာမူလတန်းကျောင်းအဆင့်တွင် ပညာရေးဝန်ထမ်း ဆရာ/ဆရာမများ (၅၇၅)ဦး လစ်လပ်ကြောင်း စာရင်းများအရ သိရှိရပါတယ်။ ချင်းပြည်နယ် ပညာရေးမှူးရုံး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး အမှတ်စဉ် ၁၃/၂၀၁၆ ဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပလက်ဝမြို့နယ်အတွင်း နေ့စားလပေး (၃၂၅)ဦး ခန့်ထားခဲ့ပါတယ်။ သို့သော် မိမိတာဝန်ကျသည့် နေရာတွင် သွားရောက်ပြီး တာဝန်မထမ်းဆောင်သော ပညာရေးဝန်ထမ်းများရှိကြောင်း သိရှိရပါတယ်။ မြို့နယ်ပညာရေးမှူးရုံး၏ စာရင်းအရ လက်ရှိ အခြေခံပညာမူလတန်းအဆင့်ဝန်ထမ်း (၂၀၀)ကျော် လစ်လပ်ကြောင်း တွေ့ရှိရပါတယ်။ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလွန်ကျောင်းများတွင်လည်း ဆရာ/ဆရာမများ လစ်လပ်သည့် ကျောင်းများ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် အတွင်း အခြေခံပညာမူလတန်းကျောင်းနှင့် မူလတန်းကျောင်း(ခွဲ)များမရှိသေးသောကျေးရွာများအား အမြန်ဆုံး ကျောင်းများ ဖွင့်လှစ်ပေးရန်နှင့် ဆရာ/ဆရာမများ လစ်လပ်နေသောကျောင်းများအား ပညာရေးဝန်ထမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီချထားပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုဒေသကောလိပ် ကျောင်းဟောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံပြီး ပညာသင်ကြား ရေးအတွက် အသုံးပြုရန် စီမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်မျိုး က စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုဒေသ ကောလိပ် ကျောင်းဟောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံပြီး ပညာသင်ကြားရေးအတွက် အသုံးပြုရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုဒေသကောလိပ် ဆိုပြီး ၁၉၉၇ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ အကျယ်အဝန်း (၁၄.၅၆)ဧကရှိတဲ့ မြေနေရာမှာ စတင်ပြီး ကျောင်းဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၀ ခုနှစ်၊ ဧပြီ ၁ ရက်မှာတော့ ရွှေဘိုကောလိပ် ဆိုပြီးတော့ အမည်ပြောင်းပြီးတော့ ကျောင်းဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့မှာတော့ ရွှေဘိုမြို့မှ

(၂)မိုင်(၅)ဖာလုံ အကွာအဝေးရှိတဲ့ ရွှေဘို-ကျောက်မြောင်းလမ်းနှင့် ရွှေဘို- မြစ်ကြီးနားလမ်းဆုံ မှာရှိတဲ့ အကျယ်အဝန်း (၂၁၀.၆၈)ဧကရှိတဲ့နေရာမှာ ပြောင်းရွှေ့ပြီးတော့ ကျောင်းဖွင့်လှစ်ခဲ့ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီလိုနေရာပြောင်းကျောင်းဖွင့်ပြီးတဲ့နောက် မူလဒေသကောလိပ် ကျောင်းဟောင်း နေရာမှာ စာသင်ဆောင်တွေ၊ ဆရာ/ဆရာမတွေနေတဲ့ အဆောင်တွေ၊ ကျောင်းအုပ်ကြီးနေတဲ့ အဆောင် တွေ၊ ရုံးခန်းအဖြစ် ဖွင့်လှစ်တဲ့နှစ်ထပ်ဆောင်တွေ၊ Transformer တွေ၊ ရေကန်တွေ စသည်ဖြင့် အဆောက် အဦပေါင်း အလုံး(၂၀)ကျော်ဟာ ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ ယနေ့အချိန်မှာ ချုံနွယ် ပိတ်ပေါင်းတွေနဲ့ ပျက်စီးယိုယွင်းမယ့်အနေအထား ဖြစ်ပေါ်နေပါတယ်။

နိုင်ငံတော်ဘဏ္ဍာ မြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်ထားတဲ့ ဒီလို အဆောက်အအုံတွေ ပျက်စီးယိုယွင်းမှုဖြစ်ပေါ်မယ့်အနေအထားဟာ လုံးဝမဖြစ်သင့်တဲ့အရာ တစ်ခုပါ။ ကျွန်တော် ဒီမေးခွန်းကို မေလ ၃၁ ရက်နေ့က ဥက္ကဋ္ဌကြီးဆီကတစ်ဆင့် မေးခွန်းမေးဖို့ စာတင်ခဲ့ ပါတယ်။ ဇွန်လ ၁၆ ရက်နေ့မှာတော့ ရွှေဘိုကျောင်းဟောင်းမြေနေရာကို အခြေခံပညာဦးစီးဌာနကို လွှဲပြောင်းတဲ့ အခမ်းအနားကျင်းပခဲ့ပါတယ်။ အဲဒီကျင်းပတဲ့အခမ်းအနားကိုလည်း ကျွန်တော်ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်မှာအားလုံးကြားတဲ့အတိုင်းပဲ (၆၀x၃၀)၊ (၉၀x၃၀) ကျောင်းဆောင်တစ်ဆောင်ဖြစ်ဖို့ကိစ္စကို ကျွန်တော်တို့ အင်မတန်အသည်းအသန် လုံးပန်းနေရတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆောက်အအုံတွေ လုံးဝသုံးမရအောင် ပျက်စီးယိုယွင်းမှု မဖြစ်ပေါ်ခင် အစိုးရအနေနဲ့ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်ထားပါသလဲ။ အတည်မပြုနိုင်တဲ့သတင်းတွေ အရ အ.ထ.က(၄) ကျောင်းဖွင့်မယ်။ ပညာအတတ်သင်ကျောင်းဖွင့်မယ် စသည်ဖြင့် ဒါမျိုးတွေလည်း ကျွန်တော်တို့ ကြားရပါတယ်။ ဒါကြောင့် ဘယ်ပညာသင်နှစ်မှာ၊ ဘယ်ခုနှစ်မှာ ပညာရေးအတွက် တိုင်းပြည်ရဲ့ဘဏ္ဍာတွေ အလဟဿမဖြစ်ရအောင် စီမံဆောင်ရွက်ထားတယ်ဆိုတာ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ ဆရာမများ၊ ကျောင်းအုပ်ဆရာကြီး အပါအဝင် ပြောင်းရွှေ့ခြင်း၊ ရာထူးတိုး ခန့်ခြင်းများကို နွေရာသီကျောင်း ပိတ်ချိန်တွင်ပြုလုပ်ပြီး နှစ်စဉ် မေလ (၂၅)ရက်နေ့တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကို အခြေခံပညာဦးစီးဌာနတွင် ဆရာ/ ဆရာမများအဖြစ် ခေါ်ယူရန်အတွက် စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ ဆရာမများ၊ ကျောင်းအုပ်ဆရာကြီး အပါအဝင် ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်းများကို နွေရာသီ ကျောင်းပိတ်ချိန်တွင်ပြုလုပ်ပြီး နှစ်စဉ် မေလ (၂၅)ရက်နေ့တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကို အခြေခံ

ပညာဦးစီးဌာနတွင် ဆရာ/ ဆရာမများအဖြစ် ခေါ်ယူရန်အတွက် စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မင်းတပ်မြို့နယ် အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ အခြေခံပညာဦးစီးဌာနမှ သင်ကြားရေးဝန်ထမ်းများ ကို နွေရာသီမှာ အပြောင်းအရွှေ့ရာထူးတိုးပြုလုပ်ပြီး မေလ ၂၅ ရက် ကျောင်းအပ်နှံရေးနေ့ သို့မဟုတ် ဇွန်လ ၁ ရက်နေ့ အလုပ်ဝင်ရောက်နိုင်အောင် ခန့်ထားနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပြင်ပဆရာ/ ဆရာမများ နေ့စားလပေးခေါ်ယူရာတွင် ပြည်နယ်များ၌ တက္ကသိုလ်ဝင်တန်းအောင်များ ခေါ်ယူရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက အချိန်တိုးပေးရန် ကြိုတင် ပန်ကြားပါတယ်။

အခြေခံပညာဦးစီးဌာနဟာ လူ့ဘဝရောက်လာကာစ အသိပညာမရှိသေးတဲ့ ကလေးငယ် များကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ကြပ်မတ်သင်ကြားပေးရန် လိုအပ် ပါတယ်။ အဲဒါကြောင့်မို့လို့ အခြေခံပညာဟာ ပညာရေးဝန်ကြီးဌာနတစ်ခုလုံးရဲ့ အခြေခံအုတ်မြစ် ဖြစ် ပြီးတော့မှ ခိုင်မာတောင့်တင်းရန် လိုအပ်ပါတယ်။ အဲဒီလို အုတ်မြစ်ခိုင်မာတောင့်တင်းဖို့ရာ နှစ်စ ကတည်းက ဆရာ/ဆရာမများ ပြည့်စုံလုံလောက်အောင် ခန့်ထားရန် လိုအပ်ပါတယ်။ အခြေခံပညာရဲ့ အကောင်းဆုံးစာသင်ချိန်ဟာ ဇွန်လမှ အောက်တိုဘာလအထိ (၅)လပဲ ဖြစ်ပါတယ်။ အောက်တိုဘာလ ရဲ့ အရှေ့ပိုင်းဟာ ကျောင်းပိတ်ချိန်များ၊ ရုံးပိတ်ချိန်များ ဆက်တိုက်ရှိနေသဖြင့် သင်ကြားရေး သိပ်မထိ ရောက်တော့ဘဲ ပြန်လှန်သင်ကြားရေးဖြင့်သာ ပြုရတဲ့အချိန်ဖြစ်ပါတယ်။ ဇွန်လမှ အောက်တိုဘာလ အထိ စာသင်ချိန်တစ်ချိန်မှ အထိအခိုက်မခံဘဲ သင်ကြားနိုင်မှ သင်ခန်းစာတစ်ခုလုံးရဲ့ သုံးပုံတစ်ပုံ ကျော် ပြီးမြောက်ပြီး သင်ကြားရေးထိရောက်နိုင်မှာ ဖြစ်ပါတယ်။

ဇူလိုင်လမှာ ဆရာ/ဆရာမများ ခန့်ထားပါက စာသင်ချိန်တစ်လ၊ ဩဂုတ်လမှာခန့်ထားပါက စာသင်ချိန်နှစ်လ အစားထိုးမရတဲ့ သင်ကြားရေးဆုံးရှုံးမှု ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်း ပြည်နယ်ဟာ မြန်မာနိုင်ငံမှာ တက္ကသိုလ်ဝင်တန်းအောင်ချက် အနိမ့်ဆုံးဖြစ်သည်မှာ နှစ်စကတည်းက ဆရာ/ဆရာမများ လုံလောက်အောင် ဖြည့်ဆည်းခန့်ထားမှု မရှိတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ချင်းပြည်နယ်တွင် ဇူလိုင်လဆန်းမှာ နေ့စားလပေးများခန့်ထားပြီး ဩဂုတ်လမှာ အထက်တန်းပြနှင့် အလယ်တန်းပြများ ဖြည့်ဆည်းခန့်ထားသည်ကိုတွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလမှာ ကျောင်းအဆင့် တိုးတဲ့ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း(ခွဲ)များကိုမူ ယခုအထိ ဆရာ/ဆရာမများ ခွဲဝေ ပေးခြင်း၊ ခန့်ထားပေးခြင်းမရှိသေးကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဆရာ/ဆရာမများ၊ နေ့စားလ ပေးများခေါ်ယူရာတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်က ပြည်နယ်များတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကိုလည်း ခေါ်ယူခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဘွဲ့ရများကိုသာ

ခေါ်ယူသဖြင့် နယ်ခံဘွဲ့ရများ နည်းနေသောကြောင့် မြေပြန့်မှ ဆရာ/ဆရာမများ အလုပ်ဝင်သည်ကို တွေ့ရှိရပါတယ်။ ၎င်းအပြင် ဘွဲ့ရဆရာ/ဆရာမများ မလုံလောက်သဖြင့် နေ့စားလပေးခန့်ရန် နောက်ထပ် ချင်းပြည်နယ်တွင် လူပေါင်း (၃၇၄)ဦး ကျန်ရှိသေးသည်ကို သိရှိရပါတယ်။

ဝေးလံခေါင်သီသည့် ဒေသများတွင် မြေပြန့်မှ ဆရာ/ဆရာမများသည် တစ်နှစ်ထက်ပို၍ မနေနိုင်ကြသဖြင့် ပြန်ပြောင်းကြရာ ၎င်းတို့၏ သို့ဖြစ်၍ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ ပြင်ပ ဆရာ/ဆရာမများခေါ်ယူပါက ငွေကြေးမတတ်နိုင်သည့် တက္ကသိုလ်မတက်နိုင်သည့်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ပြည်နယ်များတွင် ဆရာ/ဆရာမများ လုံလောက်စွာ ခန့်ထားနိုင်မည် ဖြစ်သည့် အပြင် ဘွဲ့လည်းရရှိနိုင်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ နေ့စားလပေး ခေါ်ယူရန် အစီအစဉ် ရှိ/မရှိနှင့် အခြေခံပညာ ဦးစီးဌာနတွင် သင်ကြားရေးဝန်ထမ်း များကို နှစ်စဉ် နွေရာသီတွင် ရာထူးတိုးအပြောင်းအရွှေ့ ပြုလုပ်ပြီး မေလ ၂၅ ရက်နေ့ ကျောင်းအပ်နှံရေးနေ့ သို့မဟုတ် ဇွန်လ ၁ ရက်တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းအဆင့် တိုးပေးသည့် အထက်တန်းကျောင်း(ခွဲ)နှင့် အလယ်တန်း ကျောင်း(ခွဲ)များကို အမြန်ဆုံး ဆရာ/ဆရာမ များ ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဘယ်အချိန်မှာ ခွဲဝေပေးမည်ကို သိရှိလိုကြောင်း မေးမြန်းလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရ ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ရခိုင် ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျားနင်းကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ၂-၆-၂၀၁၆ ရက်နေ့ အထိ အထက် အဆင့်သင် ကျောင်းသား/ကျောင်းသူ (၆၅)ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ (၃၂၄)ဦး၊ မူလတန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ (၂၉၄)ဦး၊ စုစုပေါင်းကျောင်းသား/ကျောင်း သူ (၆၈၃)ဦး ရှိပါတယ်။ ပုံမှာ ဖော်ပြထားတဲ့အတိုင်း (၁၂၀ပေx ၃၀ပေ) သွပ်မိုးပျဉ်ခင်း ဝါးထရံကာ နှစ်ထပ်ကျောင်းဆောင် စာသင်ခန်း(၁၁)ခန်းသာရှိပြီးတော့မှ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ်နဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ တွေ့ရှိရပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရဲ့ စာသင်ခန်းနဲ့ ကျောင်းသား/ကျောင်းသူအချိုးမှာ (၁)အချိုး (၆၂)ဖြစ်ပါတယ်။

ထို့အတူ သရက်တပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂-၆-၂၀၁၆ ရက်နေ့အထိ အထက်တန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ (၇၄၈)ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ (၈၃၉)ဦး၊ မူလတန်းအဆင့်သင် ကျောင်းသား/ကျောင်းသူ(၉၂)ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ(၁၆၇၉)ဦးရှိပြီးတော့၊ သရက်တပင်ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းတွင် စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ လုံလောက်မှုမရှိပါသဖြင့် နှစ်သုတ်တက်စနစ်ဖြင့် စာသင်ချိန်ပြည့်မီအောင် သင်ကြားပို့ချလျက်ရှိပါတယ်။ Power Point တွေမှာ တင်ပြ ထားတဲ့အတိုင်း ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီးတော့မှ ကျောင်းဆောင်များကို သွားရောက် ဓာတ်ပုံရိုက် မှတ်တမ်းယူပြီးတော့မှ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အခြေခံပညာကျောင်း (၂)ကျောင်း ဟာ အန္တရာယ်ရှိ ကျောင်းဆောင် ဖြစ်နေ၍လည်းကောင်း၊ ကျောင်းသားဦးရေနှင့် စာသင်ခန်းမှာ ပြည့်စုံလုံလောက်မှုမရှိပါသဖြင့်လည်းကောင်း၊ ကျောင်းသားဦးရေအရ RC နှစ်ထပ် တိုးချဲ့ကျောင်း ဆောင်သစ်တစ်ဆောင်စီကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ အဆောက်အအုံများ စိစစ်ချိန်တွင် မြို့နယ်၊ ကျောင်းအလိုက် ဦးစားပေး အစီအစဉ်အရ စိစစ်လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ချင်း ပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက် ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အခြေခံပညာအထက်တန်း ကျောင်း(၇)ကျောင်း၊ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)(၃၇)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၃)ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း (၁၅၁)ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၇၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာ ကျောင်းပေါင်း(၂၉၈)ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ၎င်းမြို့နယ်တွင် ကိုယ့်အား ကိုယ်ကိုး မူလတန်းကျောင်းအနေဖြင့် (၂၇)ကျောင်းရှိပါတယ်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်လည်း ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် သတ်မှတ် မှုများအားဖြေလျှော့၍ အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်းခွဲ(၈)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁၃)ကျောင်းနှင့် အခြေခံပညာမူလတန်း ကျောင်းခွဲ(၂၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၄၉)ကျောင်းတို့ကို သတ်မှတ်မှုများ ဖြေလျှော့၍ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ပြီး၊ ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် နေ့စား လပေး၊ ဘွဲ့ရဆရာ/ဆရာမ (၃၂၅)ဦးတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ၂၆-၇-၂၀၁၆ ရက်နေ့တွင် ဖြည့်ဆည်းခန့်ထားပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ကျောင်းတွေမှာ ဆရာမတွေ မရှိဘူးဆိုရင် ကျောင်းတွေမှာ ဆရာ/ဆရာမ စာရင်းပဲ ရှိပြီး ဆရာ/ဆရာမ မရှိဘူးဆိုရင် ဒါကိုတော့ နိုင်ငံတကာမှာ Ghost Teachers လို့ သတ်မှတ် ခေါ်ဆိုပါတယ်။ အဲဒီ Ghost Teachers တွေရှိနေမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအနေနဲ့ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်စိစစ်နိုင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်

ပေးပါရန်နှင့် ဆက်လက်ဖြည့်ဆည်းနိုင်ရေးအတွက်ကို နောက်ပညာသင်နှစ်မှာ ဆက်လက်ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ ယခင် ရွှေဘိုဒေသကောလိပ်ဟောင်း၏ မြေနေရာသည် (၁၄.၅၆)ဧက ဖြစ်ပါတယ်။ ကိုယ်စားလှယ်၏ မေးခွန်းတွင်ပါသော(၂၃.၄၇)ဧက မဟုတ်ပါကြောင်း၊ စိစစ်တွေ့ရှိရပါကြောင်း တင်ပြလိုပါတယ်။ ယခု အစိုးရသစ်လက်ထက်တွင် အဆိုပါမြေနေရာဟောင်းဖြစ်သော (၁၄.၅၆)ဧကကို အခြေခံပညာ ဦးစီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ပြီး၊ အခြေခံပညာကျောင်း တစ်ကျောင်းအဖြစ် ဖွင့်လှစ်ကာ ပညာသင်ကြား ပို့ချပေးနိုင်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေအပေါ် မူတည်၍ ဆက်လက်စိစစ်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အသုံးပြုရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဆက်လက်၍ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အခြေခံပညာဦးစီးဌာန အောက်ရှိ ကျောင်းအုပ်ကြီးများအပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ဆရာမများ ပြောင်းရွှေ့ခြင်းနှင့် ရာထူးတိုးခန့်ထားခြင်းနှင့်ပတ်သက်၍ ရာထူးအဆင့်ဆင့်၏ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်း လုပ်ငန်းစဉ်များကို ရာထူးစဉ်ကြီးရာမှ ငယ်ရာသို့ အဆင့်ဆင့် ဆောင်ရွက် ရပါတယ်။

ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်းလုပ်ငန်းများကို နှစ်စဉ် မေလတွင် ဆောင်ရွက်ပြီး အလယ်တန်းကျောင်းအုပ်နှင့် အထက်ရာထူးများကို အခြေခံပညာဦးစီးဌာနမှလည်းကောင်း၊ အထက်တန်းပြရာထူးများကို တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှ စိစစ်ဆောင်ရွက်၍ အခြေခံပညာဦးစီးဌာနမှ ကြီးကြပ်၍လည်းကောင်း၊ အလယ်တန်းပြရာထူးများကို ခရိုင်ပညာရေးမှူးရုံး များက စိစစ်ဆောင်ရွက်၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စိစစ်၍လည်းကောင်း၊ မူလတန်းပြရာထူးများကို မြို့နယ်ပညာရေးမှူးရုံးများက စိစစ်ဆောင်ရွက်၍ ခရိုင် ပညာရေးမှူးရုံး များက ကြီးကြပ်စိစစ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ထောက်ပညာရေးမှူးနှင့် အထက်ရာထူးများကို ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး ခွင့်ပြုချက် ရယူဆောင်ရွက်ရသောကြောင့်လည်းကောင်း၊ ရာထူးတိုးကိစ္စများနှင့်ပတ်သက်၍ ဦးစီးအရာရှိရာထူးတူ ရာထူးများအတွက် တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရသောကြောင့် လည်းကောင်း၊ နွေရာသီ ဧပြီကာလတွင် စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရခြင်းကြောင့် လည်းကောင်း၊ ဆရာ/ဆရာမဦးရေ စုစုပေါင်း(၃)သိန်းကျော်ရှိ၍ ၎င်း ဆရာ/ဆရာမများထဲမှ ရာထူးတိုး၊ ရာထူးပြောင်းဆောင်ရွက်လိုသော၊ လျှောက်ထားသော ဆရာ/ ဆရာမများကို စိစစ်၍ စုစည်းဆောင်ရွက်ရခြင်း တို့ကြောင့်လည်းကောင်း အချိန်အနည်းငယ် နောက်ကျရခြင်း ဖြစ်ပါတယ်။

လာမည့် ပညာသင်နှစ်များတွင် ကျောင်းဖွင့်ချိန်အမီ အလုပ်ဝင်နိုင်ရေးအတွက် ဆက်လက်ကြပ်မတ် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် နေ့စားလပေး ခေါ်ယူမှုကို သတင်းစာများမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ခေါ်ယူခဲ့ပါတယ်။ ထိုသို့ခေါ်ယူရာတွင် ဘွဲ့ရများ ပါဝင်သလို၊ ဘွဲ့ရမရှိသေးသောဒေသများအတွက် အောက်ပါအတိုင်း ဖြေလျှော့၍ ခေါ်ယူမှုများလည်း ပါဝင်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား/ကျောင်းသူတွေကို အရည်အသွေးမြင့်မားသောပညာရေးဖြင့် သင်ကြားသင်ယူ ပို့ချနိုင်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ ဘွဲ့ရဆရာ/ဆရာမများကိုသာ အရည်အသွေးပြည့် ခန့်ထားဆောင်ရွက်လိုပါတယ်။

သို့သော် တချို့နေရာဒေသများတွင် ဘွဲ့ရများမရှိသေးပါက အောက်ပါအတိုင်းဖြေလျှော့၍ ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ၎င်းတို့မှာ (က) ဝေးလံခက်ခဲသောဒေသများတွင် ဘွဲ့ရလျှောက်ထားသူမရှိပါက ဒေသခံတက္ကသိုလ်ဝင်တန်းအောင်မြင်သူ အသက် (၁၈)နှစ်ပြည့်ပြီးသူများ၊ (၂၅)နှစ်နှင့်အောက်များအား နေ့စား ယာယီ ခန့်ထားမည်။ ဘွဲ့ရပြီးပါ က အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားမည်။ ဝေးလံခက်ခဲသောဒေသများတွင် ဘွဲ့ရဒေသခံ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးလျှောက်ထားသူမရှိပါက ဒေသခံအခြေခံပညာအလယ်တန်း အဆင့်ပြီးမြောက်သူ၊ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်အောက်များအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ စာချုပ်ဖြင့် နေ့စား ယာယီခန့်ထားမည်။

သို့ဖြစ်ပါ၍ ပြည်နယ်အချို့ရှိ နယ်ခံဘွဲ့ရများမရှိသောဒေသတွင် နယ်ခံတက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို ပြင်ပဆရာ/ဆရာမများ ခေါ်ယူရာတွင် အထက်ပါသတ်မှတ်ချက်အတိုင်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပူးပေါင်းပြီး ခန့်ထားပေးလျက်ရှိပါတယ်။ ယခု ပညာသင်နှစ်မှာတော့ ချင်းပြည်နယ်မှာ ကျွန်တော်တို့ ဒီ နေ့စားလပေး ဆရာ/ဆရာမ ခန့်ထားတဲ့အခါမှာ ကျွန်တော်တို့ စာရင်းအရ လိုလောက်မှုရှိနေသေးတဲ့အတွက် ရှမ်းပြည်နယ်မှာသာနယ်ခံဘွဲ့ရတွေ မရှိတဲ့ နယ်ခံတက္ကသိုလ်ဝင်တန်း အောင်မြင်သူတွေကို ပြင်ပဆရာ/ဆရာမများ ခေါ်ယူရာမှာ အထက်ပါသတ်မှတ်ချက်အတိုင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပူးပေါင်းပြီး ခန့်ထားလျက်ရှိပါကြောင်းနှင့် နောက်ပညာသင်နှစ်အတွက် ပညာသင်နှစ် မဖွင့်ခင်ကာလမှာ ချင်းပြည်နယ်အနေနဲ့ ဆောင်ရွက်ဖို့ဆိုရင်တော့ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး ဆက်လက် ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်

နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]